# စစ်ကိုင်းတိုင်းဒေသကြီး အသေးစားနှင့် လက်လုပ်လက်စားသတ္တုတွင်းဥပဒေ

# (၂၀၂၀ ပြည့်နှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၈။)

# ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

# (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး **အသေးစားနှင့် လက်လုပ်လက်စား** သတ္တုတွင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနကို တာဝန်ယူသော ဝန်ကြီးကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီးသတ္တုတွင်း ဦးစီးဌာနရုံး တာဝန်ခံ သို့မဟုတ် ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးဌာနက ဖွဲ့စည်း တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဇ) **ခရိုင်လုပ်ကွက်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဈ) **မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့** ဆိုသည်မှာ အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ည) **သတ္တုတွင်း** ဆိုသည်မှာ ဓာတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင်သို့မဟုတ် လုပ်ကွက်ကို လည်းကောင်း၊ ဓာတ်သတ္တုတူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိသော နေရာတစ်ခုခု၌ ဓာတ်သတ္တုဆင့်တက် ပြုပြင်ရာတွင်လုပ်ကိုင်သည့် လုပ်ငန်းအရပ်ရပ်၊ မြေနေရာ၊ အဆောက်အဦနှင့် စက်ပစ္စည်းကိရိယာများကို လည်းကောင်း ဆိုသည်။

Myanmar Law Information System (MLIS)

ယင်းစကားရပ်တွင် စက်မှုတွင်း ထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ဠ) **ဓာတ်သတ္တု** ဆိုသည်မှာ မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။

(ဍ) **သတ္တု** ဆိုသည်မှာ အစိုးရအဖွဲ့က ဆောင်ရွက်ခွင့်ရှိသည့် ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ၊ ခနောက်စိမ်း၊ ခရိုမိုက်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ္တုဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဎ) **စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ ကြွေကျောက်၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ ဇင့်ကာဗွန်နိတ်၊ လချေးဖြူ၊ လချေးညို၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဘောက်ဆိုဒ်၊ ဖန်ချက်သဲ၊ ဒုတ္ထာ၊ ကွာဇိုက်၊ ပိုဇိုလန်၊ ဆေးဒန်း၊ ကျောက်ချဉ်၊ ဂဝံကျောက်၊ သဲကျောက်၊ မာဘယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဏ) **ကျောက်** ဆိုသည်မှာ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ မဂ္ဂမတိုက်ကျောက်၊ လိပ်သဲကျောက်၊ သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ထန်းပင်ကျောက်၊ လိပ်သဲကျောက်၊ သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ထန်းပင် ကျောက်၊ ပိုင်ရော့ပ်ဆီးနိတ်၊ ဆာပင်တီနိုက်၊ ဟွန်းဖလင်းဒိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဘေ့စ်၊ ဒိုလာ ရိုက်၊ ပယ်ရီဒိုတိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာစီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ ဂဝံကျောက်၊ ရတနာတန်းမဝင်သော သလင်းအုပ်စုဝင် တွင်းထွက်များ၊ စရစ်လုံးကျောက်၊ ဂေါဒန်ကျောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါ အားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ကျောက် ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့် မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များမပါဝင်။

(တ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊

Myanmar Law Information System (MLIS)

တစ်ရပ်ထက်ပိုသော လုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ သတ်မှတ်နေရာတွင်လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ဓာတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တု တည်စွဲသည့် အရည်အသွေးကို စစ်ဆေး သော လုပ်ငန်းစဉ်များလည်းပါဝင်သည်။

(ထ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။

(ဒ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်းပါဝင်သည်။

(ဓ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုတည်စွဲမှု ပမာဏနည်းပါးပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း (၁၀) နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည်။

(န) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံး ကိရိယာများကိုဖြစ်စေ၊ ဥပဒေနှင့်အညီ သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည်။

(ပ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကိုအရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လှျပ်ကူးခြင်းနှင့် ပုံသွင်းခြင်းအစရှိသည့် လုပ်ငန်းစဉ်များလည်းပါဝင်သည်။

(ဖ) **ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း** ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သယ်ယူခြင်းနှင့် သိုလှောင်ခြင်းများလည်း အကျုံးဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရ၏ ဓာတ်သတ္တုသယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) ဓာတ်သတ္တုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန်၊

Myanmar Law Information System (MLIS)

(ဂ) ခါတ်သတ္တုသယံဇာတ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန်နှင့် အခွန်အခများ စနစ်တကျ ကြီးကြပ်ကောက်ခံရရှိနိုင်စေရန်၊

(ဃ) ခါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊

(င) ခါတ်သတ္တုသယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြုရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ခါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှ နည်းပါးစေရန်၊

(ဆ) တိုင်းဒေသကြီးအတွင်း ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် တရားမဝင် ခါတ်သတ္တုတူးဖော်ခြင်းများ လျော့နည်းပပျောက်စေရန်၊

## အခန်း (၃)

## လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ခွင့်ပြုမိန့်လျှောက်ထားခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးသစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | တာဝန်ခံအရာရှိ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

Myanmar Law Information System (MLIS)

တိုင်းဒေသကြီးသတ္တုတွင်းဦးစီးဌာန

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရအဖွဲ့က ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း၊ ကျောက်များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။

၆။ အစိုးရအဖွဲ့သည် ခရိုင်လုပ်ကွက်စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ဦးစီးမှူး<br>ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဦးစီးမှူး<br>ခရိုင်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဦးစီးမှူး<br>ခရိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ခရိုင်ဦးစီးမှူး<br>ခရိုင်ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (သို့မဟုတ်) ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ခရိုင်ဦးစီးမှူး<br>ခရိုင်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးမှူး<br>ခရိုင်သတ္တုတွင်းဦးစီးဌာန | အတွင်းရေးမှူး |

၇။ အစိုးရအဖွဲ့သည် မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဃ) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်ရေအရင်းမြစ်နှင့်
မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (သို့မဟုတ်)
မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(င) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(စ) မြို့နယ်ဦးစီးမှူး အတွင်းရေးမှူး
မြို့နယ်သတ္တုတွင်းဦးစီးဌာန (သို့မဟုတ်) မြို့နယ်လယ်ယာမြေ
စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၈။ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ္တုအသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ လုပ်ငန်းတည်နေရာ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်သားအင်အား၊ စက်ယန္တရား၊ စက်ကိရိယာ အသုံးပြုမှုများ နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးအတွင်း သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများ လုပ်ကိုင်လိုသူ နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် သက်ဆိုင်ရာ ခရိုင်လုပ်ကွက်စိစစ်ရေးအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၀။ တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ပုဒ်မ ၉ အရ လျှောက်ထားချက်များကို လက်ခံရရှိသည့်နေ့မှ (၉၀) ရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ဆောင်ရွက်ရမည်။ ခွင့်ပြုမိန့်ထုတ်ပေး ရန် ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်ဖြင့် ပြန်ကြားပေးရမည်။

၁၁။ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ္တုရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း တို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ၎င်းလုပ်ကိုင်ခဲ့သော နေရာတွင် သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၁၂။ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲခွင့်ပြုမိန့်ဖြင့် သတ္တုထုတ်လုပ်သူ ထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

၁၃။ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စား ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊

Myanmar Law Information System (MLIS)

ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ လျှောက်ထားချက်ကို ပုဒ်မ ၁၁ အရ စိစစ်ပြီး အစိုးရအဖွဲ့ထံ တင်ပြ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

## အခန်း (၄)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၄။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ပြည်ထောင်စုဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထားများ အပေါ်တွင် အခြေခံတွက်ချက်သည့် မြေငှားရမ်းခ ပေးဆောင်ရမည်၊

(ဃ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) လယ်ယာမြေဖြစ်ပါက လယ်ယာမြေဥပဒေအရ အခြားနည်းအသုံးပြုခွင့် ရရှိပြီးမှသာ ဆောင်ရွက်ရမည်၊

(စ) အာမခံငွေနှင့် အဆိုပြုငွေ နှစ်ရပ်လုံးကို ပေးဆောင်ရမည်၊

(ဆ) ဤဥပဒေအရ ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များ နှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်။

၁၅။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အသက်၊ လုပ်အားခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၌ မြေပေါ်၊ မြေအောက်အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ်ပွားမှုမှ ကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်း၌ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး နှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(စ) ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဆ) ခဲတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေ ရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေ ထားရှိခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် ရန်ပုံငွေကို ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ နှစ်ရာခိုင်နှုန်းထက်မနည်း ထည့်ဝင်ခြင်း၊

(ဈ) သတ္တုတွင်း၌ မတော်တဆဖြစ်ပွားမှုများ၊ ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်း နှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့ အစီရင်ခံခြင်း၊ တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူ ဖြေရှင်း ဆောင်ရွက်ခြင်း၊

(ည) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူခြင်း။

## အခန်း (၅)

## ခဲတ်သတ္တုထုတ်လုပ်ရန် မြေနှင့် ရေသုံးစွဲခွင့်

၁၆။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်မည့်မြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြု ခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိပြီးမှသာ ခဲတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၇။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ တင်ပြချက်ကို စိစစ်၍ သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူအား အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေ နှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေး ရမည်။

၁၉။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်ရန် လိုအပ်သော ပြဒါး၊ ဆိုင်ရာနိုက်၊ ယမ်းနှင့် ဆက်စပ်ပစ္စည်း များ၊ အခြားဓာတုဗေဒပစ္စည်းများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရယူဆောင်ရွက်ရမည်။

၂၀။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်ရန် ရေကို ရယူသုံးစွဲပြီးနောက် စွန့်ပစ်အရည်များကို သတ်မှတ် ထားသည့် နည်းလမ်းဖြင့် သန့်စင်၍ သတ်မှတ်ထားသော နည်းလမ်းအတိုင်း စနစ်တကျ စွန့်ပစ်ရမည်။

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်ခြင်း စတင်ဆောင်ရွက်ရာတွင် လုပ်ငန်းမြေနေရာ၏ အပေါ်ယံ မြေဆီလွှာကို သစ်ပင်များရှင်သန်နိုင်စေရန် စနစ်တကျ စုပုံထိန်းသိမ်းထားရှိရမည်။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် သတ္တုထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်း မြေနေရာအား သတ္တုတွင်း ပိတ်သိမ်းမှု အစီအစဉ်အတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြေရေးလုပ်ငန်းများအတွက် သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေ ထူထောင်၍ ဆောင်ရွက်ရမည်။

## အခန်း (၆)

Myanmar Law Information System (MLIS)

## ဓာတ်သတ္တုခွန်

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်သော သတ္တုများအတွက် အောက်ပါသတ်မှတ်နှုန်းထားများအရ ပေးဆောင်ရမည်-

(က) ရွှေနှင့် ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ရောင်းချသည့် တန်ဖိုးအပေါ် ငါးရာခိုင်နှုန်း သို့မဟုတ် အစိုးရအဖွဲ့က ကြိုတင်သတ်မှတ်သည့် ဓာတ်သတ္တုခွန်ပမာဏ၊

(ခ) ငွေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရိုးလိုက်ရောရာ၊ ခရိုမိုက်နှင့် ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ရောင်းချသည့် တန်ဖိုးအပေါ် လေးရာခိုင်နှုန်း၊

(ဂ) ခဲ၊ ခနောက်စိမ်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ရောင်းချသည့် တန်ဖိုးအပေါ် သုံးရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် ရောင်းချသည့် တန်ဖိုးအပေါ် နှစ်ရာခိုင်နှုန်း။

၂၄။ ပုဒ်မ ၂၃ အရ သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်းပေါ်တွင် တွက်ချက်၍ ဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သက်ဆိုင်ရာဘဏ္ဍာငွေအရ စာရင်းသို့ ပေးဆောင်ရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၂၅။ အစိုးရအဖွဲ့သည် စစ်ဆေးရေးအရာရှိ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၆။ စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းမျဉ်းစည်းကမ်းချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် ရရှိသူများက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ သက်သာချောင်ချိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှု စစ်ဆေးခြင်း၊

(ဂ) သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) လုပ်ငန်းခွင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီကို မပျက်မကွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းခွင်ကွင်းဆင်းစစ်ဆေးခြင်းကို အနည်းဆုံး လေးလလျှင် တစ်ကြိမ်ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) အစိုးရအဖွဲ့မှ ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၇။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမား တစ်ဦးဦးကဖြစ်စေ စည်းမျဉ်းစည်းကမ်း၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေ ပမာဏအောက်မနည်းသော ဒဏ်ကြေးငွေပေးဆောင်စေပြီး၊ လိုအပ်သည်များကို ပြင်ဆင်စေ၍ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(င) အာမခံငွေပမာဏ၏ နှစ်ဆထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း။

၂၈။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များချမှတ်ပြီးပြတ်သည့် အမှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၂၉။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့် ကိစ္စနှင့်စပ်လျဉ်း၍-

(က) ပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် တိုင်းဒေသကြီးလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ သို့မဟုတ် ၎င်းအဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသူက တရားစွဲဆိုရမည်၊

(ခ) တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို ကျေနပ်မှုမရှိလျှင် အစိုးရအဖွဲ့ထံ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်နိုင်သည် သို့မဟုတ် ရက်ပေါင်း (၃၀) အတွင်း တရားရုံးတွင် တရားစွဲဆိုပေးရန် တောင်းဆိုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့ထံ အယူခံဝင်ပါက အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၀။ တရားရုံးသည် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ပြစ်မှုထင်ရှားတွေ့ရှိလျှင် မကျေနပ်သူကို ပုဒ်မ ၂၇ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ထက်မပိုသော ပြစ်ဒဏ်ကိုချမှတ်ရမည်။

## အခန်း (၉)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၁။ မည်သူမဆို-

(က) အသေးစားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော မြန်မာ့သတ္တုတွင်းဥပဒေအရ အရေးယူခြင်းခံရမည်-

Myanmar Law Information System (MLIS)

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ သတ္တုထုတ်လုပ်ခြင်း၊

(ခ) လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ သတ္တုထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ပြည်ထောင်စုမှ ပြဋ္ဌာန်းသော မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၅ နှင့် စပ်လျဉ်းသည့်ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ဆယ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို ဤဥပဒေအရ ခာတ်သတ္တုထုတ်လုပ်နယ်မြေအတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မရိုးမဖြောင့်သော သဘောဖြင့် ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း (၁၀)**

**အထွေထွေ**

၃၄။ ဤဥပဒေကို မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်သည် သက်တမ်းကုန်ဆုံးသည့် နေ့အထိသာ အတည်ဖြစ်စေရမည်။

၃၅။ သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့် စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။

၃၆။ သတ္တုထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် ကောက်ခံရရှိသော ရန်ပုံငွေများကို လုပ်ကွက်တည်ရှိရာ မြို့နယ်အတွက် ရန်ပုံငွေရငွေ၏ ၆၀ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးအတွက် ရန်ပုံငွေ ရငွေ၏ ၄၀ ရာခိုင်နှုန်းဖြင့်အသီးသီးခွဲဝေသုံးစွဲရမည်။

Myanmar Law Information System (MLIS)

မြို့နယ်အတွက် ခွဲဝေသုံးစွဲရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များ ရယူဆောင်ရွက်ရမည်။ တိုင်းဒေသကြီးအတွက် ရန်ပုံငွေအသီးသီးခွဲဝေသုံးစွဲရာတွင် လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၇။ ဤဥပဒေအရ ရရှိရန်ရှိသော ငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၃၈။ ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက် စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းတို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၉။ ဦးစီးဌာနသည် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး အကူအညီရယူနိုင်သည်။

၄၀။ အစိုးရအဖွဲ့သည် ခရိုင်လုပ်ကွက်စိစစ်ရေးအဖွဲ့နှင့် မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၄၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၄၂။ ဝန်ကြီးသည် ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းများကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ကာလအတွင်း လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာမြင့်နိုင်

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)